# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့

## နေ့စဉ်ဈေးကွက်သတင်းလွှာ

July 21 , 2023 Volume 68, Number 14

၂၁.၇.၂၀၂၃

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၉၇၃ US$ |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၃၃၅.၄ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၇၉.၄ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၆၉၈.၇ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၄၁၇.၉ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၂.၃၉ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၆၁၅ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၆၃.၅၉ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၆၀.၃၇ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၀.၉၄၉ ကျပ် |

Source: CBM Rate, etrademyanmar.com

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com

## ယခုနှစ် နာနတ်သီးရာသီချိန်အတွင်း တရုတ်နိုင်ငံသို့ နာနတ်သီးတရားဝင် တင်ပို့နိုင်ပါက တောင်သူများအတွက် အဆင်ပြေနိုင်



ယခုနှစ် နာနတ်သီးရာသီချိန်အတွင်း တရုတ်နိုင်ငံသို့ နာနတ်သီးတရားဝင် တင်ပို့နိုင်ပါက တောင်သူများအတွက် အဆင်ပြေနိုင်မည်ဖြစ်ကြောင်း နာနတ်သီး စိုက်ပျိုးရောင်းဝယ်ရေးလုပ်ကိုင်သူများ၏ ပြောဆိုချက်အရ သိရသည်။

တရုတ်နိုင်ငံသို့ နာနတ်သီးတရားဝင် တင်ပို့နိုင်ရန် GACC လျှောက်ထားခဲ့ရာ ရန်ကုန်မြို့ရှိ ခွာတ်ခွဲခန်းများ၊ ရှမ်းပြည်နယ်(တောင်ပိုင်း)ရှိ နာနတ်ခြံများနှင့် နာနတ်သီးထုပ်ပိုးမှု ပုံစံများကို ၂၀၂၃ ခုနှစ် မတ်လက အွန်လိုင်းမှတစ်ဆင့် စစ်ဆေးခဲ့ပြီး နောက်တင်ပို့ရာ၌ လိုက်နာရမည့် သတ်မှတ်ချက်တချို့ကို ပြန်လည်ညှိနှိုင်းခဲ့ကြောင်း သိရသည်။

အခုချိန်ထိတော့ MoU လက်မှတ် မရေးထိုးရသေးဘူး။ တရားဝင်တင်ပို့ခွင့် အမြန်ဆုံးရစေချင်ပါတယ်။ ဒီရာသီ နာနတ်သီးပေါ်ချိန်မီရင်တော့ တောင်သူတွေ အတွက် အများကြီးအဆင်ပြေတာပေ့ါ။ အချိန်နောက်ကျသွားရင် အသီးတွေ အမှည့်လွန်ကုန်ပြီး တင်ပို့လို့မရတော့ဘူး။ လက်ရှိမှာ သက်ဆိုင်ရာကလည်း အမြန်ဆုံး တင်ပို့ခွင့်ရအောင် ကြိုးစားနေပါတယ်ဟု ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့နယ်မှ နာနတ်သီး စိုက်ပျိုးသူ ဦးစံလင်းကပြောသည်။

တရုတ်နိုင်ငံသို့ နာနတ်သီးတရားဝင် တင်ပို့ခွင့်ရရှိပါက ငါးနှစ်သက်တမ်းအထိ တင်ပို့ခွင့်ရရှိမည်ဖြစ်ပြီး လတ်တလောတွင် တရားဝင်တင်ပို့ရန် သက်ဆိုင်ရာမှ ကြိုးပမ်းနေကြောင်း၊ လက်ရှိကာလမှစ၍ စက်တင်ဘာလအထိသည် နာနတ်သီး ရာသီချိန်ဖြစ်ပြီး စိုက်ခင်းအရောက် လာရောက်ဝယ်ယူရာတွင် တစ်လုံးလျှင် ငွေကျပ် ၂၅၀ မှ ၅၀၀ ဝန်းကျင်အထိ ဈေးကောင်းရနေကြောင်း သိရသည်။

ယခင်က ပြည်တွင်းမှထွက်ရှိသည့် နာနတ်သီးများကို တရုတ်နိုင်ငံသို့ အဓိကတင်ပို့ပြီး ဈေးကောင်းရခဲ့ရာမှ ၂၀၁၉ ခုနှစ် ဩဂုတ်လမှစ၍ တင်ပို့ခွင့်ရပ်ဆိုင်းခဲ့ရာ ပြည်တွင်း၌ အထွက်နှုန်းများချိန်တွင် စိုက်ခင်းအရောက် တစ်လုံးလျှင် ငွေကျပ်

၅၀ ဝန်းကျင်သာ ဈေးနှုန်းရရှိခဲ့သည်။

ရှမ်းပြည်နယ်မှထွက်ရှိသည့် နာနတ်သီးများကို ရန်ကုန်နှင့်မန္တလေး စသည့်မြို့ကြီးများရှိ ပွဲရုံများသို့တင်ပို့ရာတွင် ၎င်းတို့ ရောင်းချပြီးမှသာ ပွဲရုံဖြတ်ဈေးအတိုင်း ငွေပြန်လွှဲလေ့ရှိကြောင်း သိရသည်။

Source: https://www.myawady.net.mm/node/43321

## ကုမ္ပဏီ ၂ ခုမှတင်သွင်းသည့် EV ကား အစီး ၄၀ ရန်ကုန်ဆိပ်ကမ်းသို့ရောက်ရှိ

လျှပ်စစ်သုံးမော်တော်ယာဉ်များ တင်သွင်းခွင့်ရရှိထားသည့် ကုမ္ပဏီ ၂ ခုမှတင်သွင်းလာသည့် လျှပ်စစ်သုံးမော်တော်ယာဉ်(EV)ကားအစီး ၄၀သည် ဇူလိုင် ၂၀ ရက်က ရန်ကုန်ဆိပ်ကမ်းသို့ရောက်ရှိလာခဲ့ကြောင်း သိရသည်။

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့်ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်အရ အကောက်ခွန်ကင်းလွတ်ခွင့်ဖြင့် N.P.K Motors Co.,Ltd. မှ တင်သွင်းလာသည့် MG, MG4(Mulan)အမျိုးအစား EV ကား(၁၀)စီးနှင့် Earth Renewable Energy Co., Ltd. မှတင်သွင်းလာသည့် BYD Dolphin အမျိုးအစား EV ကား(၃၀)စီး (စုစုပေါင်း ၄၀ စီး)ရောက်ရှိလာခြင်းဖြစ်သည်။

အဆိုပါ ရောက်ရှိလာသည့် EV ကားများအား တာဝန်ရှိသူများက လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ကြောင်း သိရသည်။

Source: https://www.popularmyanmar.com/?p=121850

## ကြက်သွန်ဖြူ တစ်ပိဿာ ၁၀၀၀၀ ကျပ်ကျော်အထိ ဈေးမြင့်တက်လာ

ပြည်တွင်း စားသောက်ကုန်ဈေးကွက်တွင် ကြက်သွန်ဖြူ တစ်ပိဿာ ၁၀၀၀၀ ကျပ်ကျော်အထိ မြင့်တက်လာကြောင်း ကြက်သွန်ဖြူရောင်းဝယ်ရေးလုပ်ကိုင်သူများထံမှ သိရသည်။

လက်ရှိတွင် တရုတ်နိုင်ငံဘက်မှ တင်သွင်းနေသည့် တရုတ်ကြက်သွန်ဖြူ (ကြူကုတ်) သည် ပြည်တွင်းဈေးကွက်အတွင်း ဝင်ရောက်မှုနည်းနေသည့်အတွက် ကြူကုတ်ဈေးလည်း မြင့်တက်လာပြီး ပြည်တွင်းထွက် ကြက်သွန်ဖြူဈေးသည်လည်း ယခင်ကထက် ပိုမိုမြင့်တက်လာနေကြောင်း ကုန်သည်များ၏ ပြောပြချက်အရ သိရသည်။



“ကြူကုတ်က အဝင်နည်းလို့တက်တာ။ ခုရက်ဆို ၆၈၀၀ ကျပ်လောက်ဖြစ်တယ်။ တရုတ်က အဝင်နည်းနေလို့ပါ။ တင်သွင်းရတာ အခက်အခဲရှိနေတာပေါ့။ ရှမ်းတွေက နည်းနည်းပြန်ကျတဲ့သဘောရှိပေမယ့် အကြီးဆိုရင် ၈၃၀၀ ကျပ် ရှိနေသေးတယ်။ မနှစ်က အများဆုံးဈေးကမှ ၅၀၀၀ ကျပ်တောင်မရှိဘူး။ အခုက တအားကို မြင့်နေတာပေါ့။ လက်လီကတော့ ချက်ချင်းမကျဘူး။ ၃ ရက်လောက်နေမှပဲ ချရောင်းကြတာ”ဟု ရန်ကုန်ဘုရင့်နောင်ကုန်စည်ဒိုင်မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

လက်ရှိတွင် တရုတ်ကြက်သွန်ဖြူသည် ရန်ကုန်ကုန်စည်ဒိုင်ပေါက်ဈေးအနေဖြင့် တစ်ပိဿာလျှင် ကျပ် ၇၀၀၀ ဝန်းကျင်သာရှိသော်လည်း ပြင်ပလက်လီဈေးကွက်တွင် ကျပ် ၉၀၀၀ အထိရှိနေကြောင်းနှင့် ရှမ်းပြည်ထွက်ကြက်သွန်ဖြူသည် ကုန်စည်ဒိုင်ဈေးတွင် ကျပ် ၈၅၀၀ ဝန်းကျင်ရှိပြီး လက်လီဈေးကွက်၌ တစ်ပိဿာလျှင် ကျပ် ၁၀၀၀၀ ကျော်အထိ ဈေးနှုန်းရှိနေကြောင်းသိရသည်။

ပြီးခဲ့သည့် ဇွန်လအတွင်းက တရုတ်ကြက်သွန်ဖြူ တစ်ပိဿာလျှင် လက်လီဈေးကွက်၌ ကျပ် ၇၀၀၀ မှ ၈၀၀၀ ဈေးရှိပြီး ရှမ်းကြက်သွန်ဖြူဈေးနှုန်းမှာ ကျပ် ၈၀၀၀ မှ ၉၀၀၀ ဝန်းကျင်ရှိခဲ့ကြောင်းသိရသည်။

ကြက်သွန်ဖြူကို ပြည်ပတင်ပို့မှုအနေဖြင့် တစ်နှစ်ကို တန်ချိန် ၃၀၀၀၀ ဝန်းကျင်တင်ပို့မှုရှိကြောင်း၊ အများဆုံးတင်ပို့မှုသည် တာချီလိတ် ကုန်သွယ်ရေးစခန်းမှတဆင့် တင်ပို့နေခြင်းဖြစ်ကြောင်း သိရသည်။

ကြက်သွန်ဖြူကို ပြည်တွင်းစိုက်ပျိုးမှုအနေဖြင့် ရှမ်းပြည်နယ်တွင် နှစ်စဉ်စိုက်ပျိုးကာ သောင်းနှင့်ချီ စိုက်ပျိုးလေ့ရှိပြီး အဓိကအနေဖြင့် အောင်ပန်း၊ တောင်ကြီး၊ ပင်လောင်းနှင့် ဟိုပုံး မြို့နယ်တို့တွင် အများဆုံးစိုက်ပျိုးကြပြီး ကျန်မြို့နယ်များတွင် အနည်းငယ်စိုက်ပျိုးမှုရှိကြောင်း သိရသည်။

ကြက်သွန်ဖြူကို နှစ်စဉ်အောက်တိုဘာလနှင့် နိုဝင်ဘာလများတွင် စတင်စိုက်ပျိုးလေ့ရှိပြီး ဖေဖော်ဝါရီလနှင့် မတ်လတွင် သီးနှံစတင်ရိတ်သိမ်းလေ့ရှိကြောင်း သိရသည်။

Source: https://www.popularmyanmar.com/?p=121743

## မြန်မာ့ပင်ရင်းထုတ်ကုန်များအတွက် အကောက်ခွန်သက်သာခွင့်ရရှိမည့် CO Form RCEP ကို ဩဂုတ်လ ၁ရက်မှစ၍ လျှောက်ထားနိုင်

ဒေသတွင်းဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု သဘောတူစာချုပ်အရ ဖိလစ်ပိုင်နှင့် ဗီယက်နမ်နိုင်ငံမှအပ ကျန်အာဆီယံနိုင်ငံများဖြစ်သည့် ကမ္ဘောဒီးယား၊ ထိုင်း၊ ဘရူနိုင်း၊ လာအို၊ စင်ကာပူ၊ မလေးရှား၊ အင်ဒိုနီးရှားနိုင်ငံများသို့လည်းကောင်း၊ အာဆီယံနှင့်ဆွေးနွေးဘက်နိုင်ငံများထဲတွင် တရုတ်နိုင်ငံသို့လည်းကောင်း တင်ပို့မည့် မြန်မာ့ပင်ရင်းထုတ်ကုန်များအတွက် အကောက်အခွန်သက်သာခွင့်ဆိုင်ရာ CO Form RCEP ကို စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာနအောက်ရှိ သက်ဆိုင်ရာ ပို့ကုန်သွင်းကုန်ရုံးများနှင့် ကုန်သွယ်ရေးစခန်းများတွင် ၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၁ ရက်မှ စတင်၍ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားနိုင်ပြီဖြစ်ကြောင်း အသိပေးကြေညာထားသည်။

ထို့အတူ ယင်း၏ ဆက်စပ်လုပ်ငန်းများဖြစ်သည့် စက်မှုထုတ်ကုန်များအတွက် စက်မှုထုတ်ကုန် မှတ်ပုံတင်လက်မှတ် (Certificate of Product Registration) နှင့် အတည်ပြု ပို့ကုန်တင်ပို့သူ (Approved) Exporter) မှတ်ပုံတင်လက်မှတ်တို့ကိုလည်း Online CO Application System (http://onlineco. myanmartradenet.com) ဝင်ရောက်လျှောက်ထားနိုင်ကြောင်း အသိပေးကြေညာထားသည်။

ဒေသတွင်း ဘက်စုံစီးပွားရေးပူးပေါင်းဆောင်ရွက်မှု (Regional Comprehensive Economic Partnership–RCEP) သဘောတူစာချုပ်အတွက် ဆွေးနွေးညှိနှိုင်းမှုများကို ၂၀၁၃ ခုနှစ်တွင် စတင်ခဲ့ခြင်းဖြစ်ပြီး အာဆီယံအဖွဲ့ဝင် (၁၀) နိုင်ငံနှင့် ဆွေးနွေးဖက် (၆)နိုင်ငံဖြစ်သော ဩစတြေးလျ၊ တရုတ်၊ အိန္ဒိယ၊ ဂျပန်၊ တောင်ကိုရီးယားနှင့် နယူးဇီလန် စသည့် (၁၆) နိုင်ငံတို့အကြား ဆွေးနွေးညှိနှိုင်းခဲ့ခြင်းဖြစ်ကြောင်းနှင့် လက်ရှိအချိန်တွင် အိန္ဒိယနိုင်ငံမှအပ ကျန် (၁၅) နိုင်ငံက လက်မှတ်ရေးထိုးထားပြီးဖြစ်ကြောင်း သိရသည်။

၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၁၅ ရက်တွင် အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် ဩစတြေးလျ၊ တရုတ်၊ ဂျပန်၊ ကိုရီးယား၊ နယူးဇီလန်တို့ ပါဝင်လက်မှတ်ရေးထိုးခဲ့သော ဒေသတွင်းဘက်စုံစီးပွားရေးပူးပေါင်းဆောင်ရွက်မှု သဘောတူညီချက်သည် ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်တွင် စတင်သက်ဝင်နေပြီဖြစ်ကြောင်း သိရသည်။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာနသည် CO ထုတ်ပေးသည့် အာဏာပိုင်အနေဖြင့် ဒေသတွင်းဘက်စုံ စီးပွားရေးပူးပေါင်းဆောင်ရွက်မှု သဘောတူညီမှုစာချုပ်အရ တရုတ်နိုင်ငံသို့ တင်ပို့သောကုန်စည်များအတွက် အကောက်ခွန်သက်သာခွင့်ရှိသည့် Form RCEP ကို ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာ ၁ ရက်မှစတင်၍ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားနိုင်ပြီဖြစ်ကြောင်းကို သက်ဆိုင်ရာဝန်ကြီးဌာန၊ အဖွဲ့အစည်းများသို့ အသိပေးအကြောင်းကြားခဲ့ပြီးဖြစ်ကြောင်း သိရသည်။

ယခုအခါ ဒေသတွင်းဘက်စုံပူးပေါင်းဆောင်ရွက်မှု သဘောတူစာချုပ်အရ မြန်မာနိုင်ငံသည် စာချုပ်ဝင်နိုင်ငံများအလိုက် ကမ္ဘောဒီးယား၊ ထိုင်း၊ ဘရူနိုင်း၊ လာအို၊ စင်ကာပူ၊ မလေးရှား၊ အင်ဒိုနီးရှားနိုင်ငံတို့နှင့် အသီးသီးအသက်ဝင်နေပြီဖြစ်ကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားရေးဆက်သွယ်ရေးဝန်ကြီးဌာနက အသိပေးအကြောင်းကြားလာသည့်အတွက် ဩဂုတ်လ ၁ ရက်မှစတင်၍ လျှောက်ထားနိုင်ပြီဖြစ်ကြောင်း သိရသည်။

Source: https://www.popularmyanmar.com/?p=121738

## အိန္ဒိယက ဆန်တင်ပို့မှုကို ပိတ်ရန် စဉ်းစားနေပြီး ကမ္ဘာ့ဆန်ဈေးထပ်မြင့်ဖွယ်ရှိနေ



ကမ္ဘာ့ဆန်တင်ပို့မှုအများဆုံး အိန္ဒိယနိုင်ငံဟာ တင်ပို့နေကျ ဆန်အမျိုးအစားအများစုကို ပိတ်ပင်ဖို့ စဉ်းစားနေကြောင်း သိရပါတယ်။

စိုက်ပျိုးရေးကို အနှောင့်အယှက်ပေးမယ့် အယ်နီညိုရာသီဥတု ဖြစ်ပေါ်နေချိန်မှာ အိန္ဒိယကသာ ပိတ်ပင်ခဲ့မယ်ဆိုရင် ခေါင်ခိုက်နေပြီးဖြစ်တဲ့ ကမ္ဘာ့ဆန်ဈေးတွေ ထပ်မံမြင့်တက်လာဖို့သာ ရှိပါတယ်။

အိန္ဒိယအစိုးရဟာ ဘာစမာတီမဟုတ်တဲ့ အခြားဆန်အမျိုးအစားအားလုံး တင်ပို့ခွင့်ပိတ်ပင်သွားမယ့်အစီအစဉ်ကို ဆွေးနွေးနေတယ်လို့ အဲဒီကိစ္စနဲ့ နီးစပ်သူတွေက ပြောပါတယ်။ ပိတ်ပင်မယ့်အကြောင်းကတော့ ပြည်တွင်းဆန်ဈေး မြင့်တက်နေတာနဲ့ အစိုးရက ကုန်ဈေးနှုန်းထပ်မံမြင့်တက်မယ့်အန္တရာယ်ကို ရှောင်ရှားချင်တာကြောင့်ဖြစ်တယ်လို့ နီးစပ်သူတွေက ပြောပါတယ်။ တကယ်လို့ အစီအစဉ် အကောင်အထည်ပေါ်လာခဲ့ရင် ပိတ်ပင်မှုဟာ အိန္ဒိယဆန်ပို့ကုန် ၈၀ ရာခိုင်နှုန်းအပေါ် သက်ရောက်စေမှာဖြစ်ပါတယ်။ ဒီလိုလုပ်ဆောင်ရင် အိန္ဒိယပြည်တွင်းဆန်ဈေး ကျလာနိုင်ပေမယ့် ကမ္ဘာ့ဆန်ဈေးတွေကို ထပ်မံပြီး မြင့်တက်လာစေဖို့ ရှိနေပါတယ်။

ဆန်ဟာ ကမ္ဘာ့လူဦးရေထက်ဝက်ခန့်ရဲ့ အခြေခံအစားအစာဖြစ်ပြီး အာရှတိုက်ဟာ ကမ္ဘာ့ဆန်ရောင်းအားအနက် ၉၀ ရာခိုင်နှုန်းကို စားသုံးလျက်ရှိပါတယ်။ ကမ္ဘာ့ဆန်ဈေးတွေဟာ အစောပိုင်းကတည်းက အယ်နီညိုရာသီဥတုကြောင့် သီးနှံပျက်စီးမှာ စိုးရိမ်မှုနဲ့အတူ နှစ်နှစ်တာအမြင့်ဆုံးနှုန်းအထိ မြင့်တက်နေနှင့်ပြီးဖြစ်ပါတယ်။

အိန္ဒိယဟာ ကမ္ဘာ့ဆန်ဈေးကွက်အတွင်း ၄၀ ရာခိုင်နှုန်းအထိ ရောင်းချပေးနေပြီး ယခင်နှစ်ကလည်း ဆန်အမျိုးအစားအချို့ တင်ပို့မှုအပေါ် ထိန်းချုပ်ကန့်သတ်ခဲ့ဖူးပါတယ်။ ပြီးခဲ့တဲ့နှစ်မှာ ရုရှားက ယူကရိန်းကို ကျူးကျော်ခဲ့ပြီးနောက် ဂျုံ ပြောင်းတို့လို ကမ္ဘာ့အခြေခံအစားအစာ ကောက်ပဲသီးနှံဈေးတွေ မြင့်တက်သွားခဲ့ချိန် အိန္ဒိယက ဆန်ကွဲတင်ပို့မှုကို ပိတ်ပင်ခဲ့ပြီး ဆန်ဖြူ ဆန်ညိုစတာတွေ တင်ပို့မှုအပေါ် ၂၀ ရာခိုင်နှုန်း အခွန် စည်းကြပ်ခဲ့ပါတယ်။ အိန္ဒိယဟာ ဂျုံနဲ့ သကြားတင်ပို့မှုတွေကိုလည်း ကန့်သတ်ခဲ့ပါသေးတယ်။

ဆန်ပို့ကုန်ပိတ်ပင်မှုအလားအလာနဲ့ ပတ်သက်ပြီး အိန္ဒိယရဲ့ စားနပ်ရိက္ခာ၊ ကုန်သွယ်ရေးနဲ့ ဘဏ္ဍာရေးဝန်ကြီးဌာနတွေဆီ အီးမေးလ် သို့မဟုတ် စာတိုတွေနဲ့ ဆက်သွယ်မေးမြန်းခဲ့ပေမဲ့ အကြောင်းပြန်ခဲ့ခြင်းမရှိပါဘူးလို့ Bloomberg သတင်းမှာ ဖော်ပြထားပါတယ်။ အိန္ဒိယဟာ နိုင်ငံပေါင်း ၁၀၀ ကျော်ထံ ဆန်တင်ပို့ရောင်းချနေပြီး အဲဒီထဲမှာ ဘီနင်၊ တရုတ်၊ ဆီနီဂေါ၊ အိုင်ဗရီကို့စ်နဲ့ တိုဂိုတို့ဟာ အကြီးဆုံးဝယ်လက်တွေ ဖြစ်ကြပါတယ်။

ဆန်တင်ပို့မှု ပိတ်ပင်မယ့်သတင်းကြောင့် အိန္ဒိယဆန်စက်လုပ်ငန်းတွေရဲ့ အစုရှယ်ယာဈေးတွေ ကျဆင်းသွားခဲ့ပါတယ်။ နိုင်ငံ့အကြီးဆုံး ဆန်စက်လုပ်ငန်း KRBL Ltd. ရဲ့ ရှယ်ယာဈေးတွေလည်း ၃ ဒသမ ၇ ရာခိုင်နှုန်းအထိ ကျဆင်းသွားခဲ့ပါတယ်။ အလားတူလုပ်ငန်းတွေဖြစ်တဲ့ Chaman Lal Setia Exports Ltd. ရဲ့ ရှယ်ယာဟာ ၁ ဒသမ ၄ ရာခိုင်နှုန်း၊ Kohinoor Foods Ltd. က ၂ ဒသမ ၉ ရာခိုင်နှုန်းနဲ့ LT Foods Ltd. က ၄ ဒသမ ၄ ရာခိုင်နှုန်း အသီးသီး ကျဆင်းခဲ့ကြပါတယ်။

အင်ဒိုနီးရှား၊ တရုတ်နဲ့ ဖိလစ်ပိုင်တို့လို ဆန်တင်သွင်းနိုင်ငံတွေဟာ ယခုနှစ်အတွင်း ဆန်ကို တွန်းတွန်းတိုက်တိုက် ဝယ်ယူသိုမှီးထားကြပါတယ်။ အယ်နီညိုရာသီဥတုဟာ ပစိဖိတ်သမုဒ္ဒရာအပူပိုင်းဒေသမှာ ခုနစ်နှစ် အတွင်း ပထမဆုံးအကြိမ် အဖြစ် ပြန်လည်ဖြစ်ထွန်းလာကြောင်း ကမ္ဘာ့မိုးလေဝသအဖွဲ့ချုပ်က ထုတ်ပြန်ထားပြီး စပါးစိုက်ဒေသများစွာမှာ မိုးခေါင်လာမယ့်အန္တရာယ် ရှိနေပါတယ်။ ဒီလိုအချိန် အိန္ဒိယက ဆန်ပိတ်ပင်လာ ခဲ့ရင်တော့ ကမ္ဘာ့ဆန်ရောင်းအား စိုးရိမ်မှုတွေ ထပ်တိုးလာပါလိမ့်မယ်။

အိန္ဒိယနိုင်ငံမှာ စားသောက်ကုန်ဈေး ကြီးမြင့်လာမှုနဲ့အတူ ဇွန်လအတွင်း ကုန်ဈေးနှုန်းတွေ အလျင်အမြန် မြင့်တက်ခဲ့ပြီးနောက် ဆန်ပိတ်ပင်ရေးအစီအစဉ် ပေါ်ပေါက်လာတာပါ။ လတ်တလောမှာ အိန္ဒိယအဓိက ကုန်စိမ်းသီးနှံ ခရမ်းချဉ်ဈေးတွေ ထိုးတက်လာမှုနဲ့ အစိုးရက တောင်သူဆီကဝယ်ယူမယ့် စပါးသီးနှံအခြေခံဈေး မြှင့်တင်လိုက်မှုတို့ကြောင့် ကုန်ဈေးနှုန်းတွေ ထပ်မံပြီး မြင့်တက်ဖို့ရှိကြောင်း Bloomberg Economics က ခန့်မှန်း ထားပါတယ်။

မြို့တော်ဒေလီမှာဖြစ်ပေါ်တဲ့ ဆန်လက်လီဈေးတွေတွေဟာ ယခုနှစ်အတွင်း ၁၅ ရာခိုင်နှုန်း မြင့်တက်ခဲ့ပြီး တစ်ပြည်လုံး အတိုင်းအတာအနေနဲ့ ဈေးမြင့်တက်မှု ၈ ရာခိုင်နှုန်းရှိခဲ့ကြောင်း စားနပ်ရိက္ခာဝန်ကြီးဌာန ထုတ်ပြန်ချက်အရ သိရပါတယ်။ စားသောက်ကုန်ဈေးတွေ ဆက်တိုက်မြင့်နေတာက ဒီနှစ်ကုန်ပိုင်းမှာ ပြုလုပ်မယ့် ပြည်နယ်ရွေးကောက်ပွဲတွေနဲ့ လာမယ့်နှစ် အထွေထွေရွေးကောက်ပွဲမတိုင်ခင် လက်ရှိအစိုးရအပေါ် လူထုထောက် ခံမှု ကျဆင်းစေနိုင်ဖွယ် ရှိပါတယ်။

Ref: India Considers Banning Most Rice Exports on Inflation Fears – Bloomberg

Source: https://greenwaymyanmar.com/posts/India_banning_most_rice_export

## တရုတ်လိုင်းကုန်သည်များ အဝယ်ပြန်ရှိလာတာကြောင့်ပဲတီစိမ်း အရောင်းအဝယ်သွက်လာသော်လည်း ပို့ကုန်ပဲများ ဆက်လက်ဈေးအေးနေ

တရုတ်လိုင်းကုန်သည်များ အဝယ်ပြန်ရှိလာတာကြောင့် ပဲတီစိမ်းအရောင်းအဝယ်သွက်လာကြောင်း ပဲနှမ်းကုန်သည်များထံက သိရသည်။ ပို့ကုန်မတ်ပဲနှင့် ပဲစင်းငုံမှာ အနည်းငယ်ဈေးပြန်မြင့်တက်လာသော်လည်း အရောင်းအဝယ်ခပ်အေးအေးသာရှိနေကြောင်း တရုတ်လိုင်းသင်္ဘောတင်အတွက် အနည်းငယ် အဝယ်ရှိ လာတာကြောင့် နှမ်းမျိုးစုံဈေးကွက်အရောင်းအနည်း ငယ်သာရှိနေကြောင်း ပြည်တွင်း ဆီစက်ပိုင်များမှ လိုသလောက်သာ အဝယ်ရှိနေခြင်းကြောင့် မြေပဲဆီဆန်အနည်းငယ် ဈေးအေးနေသော်လည်း ပို့ကုန်အနီလုံးဆန် (ဝိုင်း)မှာ တစ်ပိဿာ ငွေကျပ် ၉၁၀၀ ပေါက် ဈေးရှိလာကြောင်း ရွှေစင်သိန်းပွဲရုံမှ ဦးကျော်သွင်က ပြောသည်။

"ဆီစက်ပိုင်များ လိုသလောက်သာ ဝယ်ယူမှုရှိနေတာလို့ မြေပဲဆန်ဈေးတန်းက ပုံမှန် သာရှိနေပါတယ်။ အနီလုံးဆန်လည်း တရုတ်ဝယ်လက်ရပ်နားလို့ ဈေးကျဆင်းနေပါတယ်။ နှမ်းမျိုးစုံလည်း အနည်းငယ်သာ အဝယ်ရှိနေလို့ အရောင်းအဝယ်ဖြစ်နေတာပါ။ ပဲတီစိမ်းကတော့ တရုတ်နိုင်ငံ အဝယ်လက်ပြန်ဆုံနေလို့ ဈေးမတက်သော်လည်း အရောင်းအဝယ်ခပ်သွက်သွက်ရှိနေပါတယ်။ ပဲစင်းငုံ၊ မတ်ပဲပို့ကုန်ပဲတွေ အကုန်လုံးကတော့ အရောင်းအဝယ် ခပ်အေးအေးသာ ရှိနေပါတယ်"ဟု ၎င်းက ပြောသည်။

ဇူလိုင် ၂၀ ရက် သုံးတင်းဝင် မတ်ပဲ ပိဿာ ၆၀ တစ်အိတ်လျှင် ငွေကျပ် ၂၁၉၀၀၀ ပေါက်ဈေး၊ ပဲစင်းငုံပိဿာ ၆၀ တစ်အိတ်လျှင် ငွေကျပ် ၂၉၀၀၀၀ သာ ပေါက်ဈေးရှိတော့သည်။ တရုတ်ကုန်သည်များ အဝယ်ရပ်သွားသောကြောင့် ပဲတီစိမ်း အညာ ၅၆ ဒသမ ၂၅ ပိဿာတစ်အိတ်လျှင် ငွေကျပ် ၁၇၅၀၀၀ ပေါက်ဈေး ရှိတော့သည်။ ပဲနှမ်းဈေးကွက်တစ်ခုလုံး သီတင်းနှစ်ပတ်ခန့် ဆက်တိုက် ဈေးအေးနေသော်လည်း ပို့ကုန်ရငွေ ၅၀-၅၀ မူဝါဒပြောင်းလဲမှုကြောင့် ပဲနှမ်းဈေးကွက်ပြန်လည်လှုပ်ရှားလာကြောင်း သိရသည်။ ပြည်တွင်းသုံး ကုလားပဲအုပ်စုမှာ ဇူလိုင် ၂၀ ရက်တွင် ဆက်လက်ဈေးကျဆင်းနေရာ ကုလားပဲ V2 တစ်အိတ်လျှင် ငွေကျပ် ၂၅၂၀၀၀၊ V7တစ်အိတ်လျှင် ငွေကျပ် ၂၅၂၀၀၀၊ ထိုင်ဝမ် ကုလားပဲတစ်အိတ်လျှင် ငွေကျပ် ၂၄၃၀၀၀၊ 929 ကုလားပဲတစ်အိတ်လျှင် ငွေကျပ် ၂၅၀၀၀၀ ပေါက်ဈေးဖြစ်နေသည်။

ပြည်တွင်းသုံး ပဲမာလိုင်းများမှာ ပဲကြီးတစ်အိတ်လျှင် ငွေကျပ် ၂၉၀၀၀၀၊ ပဲထောပတ်တစ်အိတ်လျှင် ငွေကျပ် ၃၄၀၀၀၀၊ မြေထောက်ပဲတစ်အိတ်လျှင် ငွေကျပ် ၃၄၀၀၀၀၊ ကျွန်းစားတော် ပဲတစ်အိတ်လျှင် ငွေကျပ် ၄၀၀၀၀၀၊ မြေပဲအနီလုံးဆန်(ဝိုင်း)တစ်ပိဿာ ငွေကျပ် ၉၁၀၀ ပေါက်ဈေးရှိကြောင်း သိရသည်။ နှမ်းမျိုးစုံဈေးကွက်မှာ သိသိသာသာ ဈေးကျဆင်းသွားရာ နှမ်းဖြူ (ဂျပန်) ၄၅ ပိဿာတစ်အိတ်လျှင် ငွေကျပ် ၃၇၀၀၀၀၊ နှမ်းညို တစ်အိတ်လျှင် ငွေကျပ် ၂၇၅၀၀၀၊ နှမ်းနက်စမုံတစ်အိတ်လျှင် ငွေကျပ် ၃၃၀၀၀၀ ပေါက်ဈေးရှိကြောင်း သိရသည်။

Source: မကွေးဂျာနယ်

## STOCK EXCHANGE (21.7.2023)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 21st Jul. 2023

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 56,217 (Shares) | 103,836,200 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,100 | -100 | -1.22% | 8,200 | 8,200 | 8,100 | 504 | 4,082,700 | 33,109,694 | 268,189 |
| MTSH | 00002 | 2,800 | -50 | -1.75% | 2,800 | 2,850 | 2,800 | 4,159 | 11,645,400 | 38,929,150 | 109,002 |
| MCB | 00003 | 7,700 | -300 | -3.75% | 7,500 | 7,700 | 7,200 | 52 | 399,700 | 10,400,986 | 80,088 |
| FPB | 00004 | 1,550 | +0 | +0.00% | 1,500 | 1,550 | 1,500 | 4,254 | 6,493,650 | 29,664,613 | 45,980 |
| TMH | 00005 | 2,400 | -50 | -2.04% | 2,450 | 2,450 | 2,400 | 117 | 286,600 | 12,823,224 | 30,776 |
| EFR | 00006 | 2,450 | +0 | +0.00% | 2,450 | 2,450 | 2,450 | 11 | 26,950 | 19,977,223 | 48,944 |
| AMATA | 00007 | 4,900 | +0 | +0.00% | 4,800 | 4,900 | 4,800 | 257 | 1,234,100 | 10,497,598 | 51,438 |
| MAEX | 00008 | 1,700 | -50 | -2.86% | 1,700 | 1,700 | 1,700 | 31,863 | 54,167,100 | 23,804,946 | 40,468 |

## Market summary

As of 21st Jul. 2023

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 357.80 | -5.42 | -1.49% | 361.55 | 361.55 | 354.26 | 41,217 | 78,336,200 | 8 | 674,885 |

**Index chart**




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 21st Jul. 2023

| Trading Volume | Trading Value |
|---|---|
| 56,217 (Shares) | 103,836,200 (MMK) |

### Main Board

As of 1:00 pm, 21st Jul. 2023

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 56,217 (Shares) | 103,836,200 (MMK) |

| MYANPIX | 357.80 ▼ 5.42 |
|---|---|
| Total Volume (shares) | 41,217 |
| Total Value (MMK) | 78 mil |
| Listed Company | 8 |
| Market Cap. (MMK) | 674,885 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,100 | ▼ 100 |
| MTSH | 00002 | 2,800 | ▼ 50 |
| MCB | 00003 | 7,700 | ▼ 300 |
| FPB | 00004 | 1,550 | ▲ 0 |
| TMH | 00005 | 2,400 | ▼ 50 |
| EFR | 00006 | 2,450 | ▲ 0 |
| AMATA | 00007 | 4,900 | ▲ 0 |
| MAEX | 00008 | 1,700 | ▼ 50 |